UVA GLOBAL | BDFWG Burmese Democratic Futures Working Group

# မြန်မာ့ ပဋိပက္ခ နောက်ဆုံးအခြေအနေ ဇန်နဝါရီလ (၁၅-၂၁)

## အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၆၄ ဦး | အရပ်သား အသတ်ခံရမှု | ၈၇ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၂၁ ဦး | အမျိုးသမီး အသတ်ခံရမှု | ၁၂၆ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၃ ဦး | ကလေးများ အသတ်ခံရမှု | ၅၅ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### ဇန်နဝါရီလ တတိယပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ် ၂ ပြည်နယ်နှင့် တိုင်း ၅ တိုင်းတွင် ဇန်နဝါရီလ တတိယပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၆၄ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ဦးနှင့် အမျိုးသမီး ၂၁ ဦး ပါဝင်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ တိုင်း ၂ တိုင်းတွင် ဇန်နဝါရီလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၂၆ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ မကွေးတိုင်းတွင် နေအိမ် ၉၅ လုံးနှင့် စစ်ကိုင်းတိုင်းတွင် နေအိမ် ၃၁ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၁ ပြည်နယ်နှင့် တိုင်း ၅ တိုင်းတွင် ဇန်နဝါရီလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၈၇ ဦး ဖမ်းဆီးခံခဲ့ရသည်။ ရန်ကုန်တိုင်းတွင် ၂၈ ဦး၊ စစ်ကိုင်းတိုင်းတွင် ၂၇ ဦး၊ ဧရာဝတီတိုင်းတွင် ၁၃ ဦး၊ ပဲခူးတိုင်းတွင် ၉ ဦး၊ ရခိုင်ပြည်နယ်တွင် ၆ ဦးနှင့် မန္တလေးတိုင်းတွင် ၄ ဦးတို့ ဖြစ်ကြပါသည်။

**သတ်ဖြတ်ခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၂ ပြည်နယ်နှင့် တိုင်း ၅ တိုင်းတွင် ဇန်နဝါရီလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၆၄ ဦး သတ်ဖြတ်ခံခဲ့ရသည်။ ရခိုင်ပြည်နယ်တွင် ၂၆ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၉ ဦး၊ မန္တလေးတိုင်းတွင် ၇ ဦး၊ ပဲခူးတိုင်းတွင် ၅ ဦး၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၃ ဦးစီနှင့် ကရင်ပြည်နယ်တွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ပြည်နယ်နှင့် တိုင်း ၄ တိုင်းတွင် ဇန်နဝါရီလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု ၅၅ ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၂၉ ကြိမ်၊ ကရင်ပြည်နယ်တွင် ၉ ကြိမ်၊ မကွေးတိုင်းတွင် ၇ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၁ ကြိမ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၂ ကြိမ်စီ၊ ချင်းပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။

**တိုက်ပွဲတွင် ကျဆုံးမှုများ**

| | |
|---|---|
| ၁၀၉ဦး | စစ်ကောင်စီတပ်သား သေဆုံး |
| ၁၈ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၈၉ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |


## ဇန်နဝါရီလ တတိယပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ


### တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၈၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၄၂ ကြိမ် ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၄ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် ၁၃ ကြိမ်၊ မကွေးတိုင်းတွင် ၇ ကြိမ်၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၃ ကြိမ်စီ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂ ကြိမ်စီ၊ ကရင်နီပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။ ချင်းပြည်နယ်၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇန်နဝါရီလ တတိယပတ်အတွင်း တိုက်ပွဲများတွင် စစ်ကော်မရှင်တပ်သား ၁၀၉ ဦး သေဆုံးပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ မှ ရဲဘော် ၁၈ ဦး ကျဆုံးခဲ့ပါသည်။

**ဇန်နဝါရီလ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**






## တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

### KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကချင်ပြည်နယ်၊ စစ်ကော်မရှင်ရဲ့ ဗန်းမော်အခြေစိုက် ထောက်ပံ့ပို့ဆောင်ရေးတပ် ထပရ ၉၃၃ ရဲ့ အဝင်လမ်းက ခြေကုပ်စခန်းတစ်ခုကို KIA/PDF ပူးပေါင်းတပ်တွေက ဇန်နဝါရီလ ၁၄ ရက်မှာ သိမ်းပိုက်ရရှိပြီး စစ်ကော်မရှင် တပ်ဖွဲ့ဝင် ၂၀ ဦး လက်နက်ချခဲ့ပါသည်။

### AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇန်နဝါရီလ ၁၇ ရက်၌ မကွေးတိုင်း၊ ငဖဲမြို့နယ်၊ နတ်ရေကန်တောင်လမ်းဟောင်း ပဇီကျေးရွာအနီးရှိ စစ်ကော်မရှင် တပ်၏ ကာကင်းကုန်းတခုကို AA ပူးပေါင်းတပ်တွေက တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။

### PDF ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇန်နဝါရီလ ၁၅ ရက်တွင် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ မုံရွာ-မန္တလေးလမ်းပေါ်ရှိ စစ်ကော်မရှင်ရဲ့ ကံတလူတိုးဂိတ်ကို PDF တပ်ဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ စစ်အုပ်စုဝင် ၃ ဦးသေဆုံးခဲ့သည်။

**offensive by the Military**

တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ထားသည့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ဗန်းမောက်မြို့ကို စစ်ကော်မရှင်နှင့် SNA ပူးပေါင်းတပ်များက ဇန်နဝါရီလ ၁၅ ရက်တွင် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လာပြီးနောက် မြို့တဝက်ကို ပြန်လည်ထိန်းချုပ်လိုက်ခြင်း ဖြစ်ပါတယ်။ ဇန်နဝါရီလ ၁၈ ရက်တွင် မြို့ပေါ်ရှိ လွှဆင်ကုန်းရပ်ကွက်နှင့် မြနန္ဒာရပ်ကွက်များကို စစ်ကော်မရှင်တပ်က ပြန်လည်သိမ်းပိုက်ခဲ့ပါတယ်။

ဇန်နဝါရီလ ၂၀ ရက်တွင် စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ပဒုမ္မာရွာအနီးက ပကဖ စခန်းတစ်ခုကို စစ်ကော်မရှင်တပ်မှ လေကြောင်းနဲ့ ဗုံးကြဲခဲ့သလို အသေခံ ဒရုန်းအများအပြားနဲ့ တိုက်ခိုက်ခဲ့တာကြောင့် အရပ်သား ၂ ဦးနဲ့ ကာကွယ်ရေးတပ်ဖွဲ့ဝင် ၇ ဦး စုစုပေါင်း ၉ ဦး သေဆုံးခဲ့ပါတယ်။

## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

တီမောနိုင်ငံ၊ ဒီလီမြို့ရှိ သမ္မတနန်းတော်မှာ တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာနဲ့ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) တို့ ဇန်နဝါရီလ ၁၄ ရက်မှာ တွေ့ဆုံပြီး ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတဝန်း စစ်တပ်ရဲ့ စစ်ရာဇဝတ်မှု အထောက်အထားတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ထိုသို့ တွေ့ပြီးတဲ့နောက် စစ်ကော်မရှင်ရဲ့ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းက ရန်ကုန်မြို့မှာရှိတဲ့ တီမောလက်စ်တေ သံရုံးရဲ့ ယာယီတာဝန်ခံကို ဇန်နဝါရီလ ၁၆ ရက်မှာ ဆင့်ခေါ်တွေ့ဆုံပြီး တီမောနိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေနဲ့ ထိတွေ့ဆက်ဆံတဲ့ကိစ္စကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်တဲ့အကြောင်း မြန်မာနိုင်ငံခြားရေး၊ အမြဲတမ်းအတွင်းဝန်က သတိပေးလိုက်တာပါ။ ဒီလိုလုပ်ရပ်ဟာ တီမောလက်စ်တေ အစိုးရအနေနဲ့ အာဆီယံ ပဋိညာဉ်၊ အခြေခံမူ၊ ကတိကဝတ်တွေကို ချိုးဖောက်တာလို့လည်း မြန်မာနိုင်ငံခြားရေး အမြဲတမ်းအတွင်းဝန်က တီမောသံရုံး ယာယီတာဝန်ခံကို ပြောပါတယ်။

## ရွေးကောက်ပွဲသတင်းများ

ရွေးကောက်ပွဲအပိုင်း ၂ အတွက် အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၂ နေရာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ကြေညာလိုက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)က ကိုယ်စားလှယ်အရေအတွက် ၄၄ ဦးအထိ ရွေးကောက်ခံထားရတယ်လို့ ကြေညာပါတယ်။ ရွေးကောက်ပွဲပထမပိုင်းအပြီး ကော်မရှင်ထုတ်ပြန်ချက်အရ USDP က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၂ ဦးအထိ နေရာရထားတာကြောင့် စုစုပေါင်း ၁၄၆ နေရာအထိ အနိုင်ရထားတာ ဖြစ်ပါတယ်။ အပိုင်း ၂ အတွက် ကြေညာချက်မှာ တိုင်းရင်းသားပါတီတချို့ရဲ့ ကိုယ်စားလှယ် ၈ ဦးလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံထားရပါတယ်။ ကချင်နဲ့ ကယားပြည်နယ်တို့မှာ USDP ရဲ့ ကိုယ်စားလှယ်တွေပဲ အနိုင်ရခဲ့သလို စစ်ကိုင်းတိုင်းမှာလည်း USDP ပါတီက ကိုယ်စားလှယ် ၇ ဦးနဲ့ ရွေးကောက်ခံထားရပါတယ်။

မွန်ပြည်နယ်မှာတော့ USDP ပါတီက ကိုယ်စားလှယ် ၁ ဦးသာ ရွေးကောက်ခံရပြီး မွန်ညီညွတ်ရေးပါတီက ၄ ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်လာပါတယ်။ ရွေးကောက်ပွဲအပိုင်း ၂ မှာ ပါဝင်ခဲ့တဲ့ တိုင်းနဲ့ပြည်နယ် ၉ ခုရဲ့ ပြည်သူ့ကိုယ်စားလှယ်နေရာတွေကို UEC က ကြေညာတာဖြစ်ပေမယ့် ရန်ကုန်တိုင်း၊ရှမ်းနဲ့ ဧရာဝတီ ရလဒ်တွေကိုတော့ ထည့်သွင်းကြေညာတာမရှိသေးပါဘူး။

ရန်ကုန်တိုင်း၊ ကိုကိုးကျွန်းမြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာကို ကြံ့ခိုင်ရေးပါတီဝင် အငြိမ်းစားဗိုလ်ချုပ်ကြီးဦးညိုစောက ၁၄၈၇ မဲနဲ့ အနိုင်ရတယ်လို့ စစ်ကော်မရှင်ရဲ့ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပါတယ်။ ဝန်ကြီးချုပ်ဦးညိုစောရဲ့ပြိုင်ဘက် ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) က ဦးဝင်းကျော်သူက ၃၇ မဲသာရရှိတာ တွေ့ရပါတယ်။


မြန်မာစစ်တပ်၏ ရွေးကောက်ပွဲကို အာဆီယံက အသိအမှတ်မပြုကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဟာဆန်က ဇန်နဝါရီလ ၂၀ ရက်တွင် ထပ်မံပြောဆိုလိုက်ပါတယ်။ အာဆီယံအဖွဲ့အနေဖြင့် စစ်အုပ်ချုပ်ရေးအောက်ရှိ မြန်မာနိုင်ငံတွင် လက်ရှိဆက်လက်ကျင်းပနေသည့် အဆင့်လိုက် ရွေးကောက်ပွဲများသို့ စောင့်ကြည့်ရေးအဖွဲ့ မပို့ခဲ့ကြောင်း၊ မြန်မာဘက်မှ ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့ပို့ရန် တောင်းဆိုမှုကို ယခင်နှစ် ကွာလာလမ်ပူတွင် ကျင်းပခဲ့သည့် အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် ပယ်ချခဲ့ကြောင်း၊ သို့သော် အဖွဲ့ဝင်နိုင်ငံတချို့က ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စောင့်ကြည့်ရေးအဖွဲ့ ပို့ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါရွေးကောက်ပွဲကို အသိအမှတ်မပြုကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဟာဆန်က ပြောကြားပါတယ်။

## ဒေသအလိုက် အချက်အလက်

**Data of Myanmar Conflict 15-21, January 2026**

| States | Clashes between SAC and PDF/EAOs | Air Strike | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Houses burned down |
|---|---|---|---|---|---|---|---|---|
| BAGO | 3 | | 6 | | 1 | 4 | 9 | |
| CHIN | | 1 | | | | | | |
| IRRAWADDY | | | | | | | 13 | |
| KACHIN | 2 | | | | | | | |
| KAREN | 42 | 9 | 7 | | | 1 | | |
| KARENNI | 1 | | | 1 | | | | |
| MAGWAY | 7 | 7 | 31 | | | 3 | | 95 |
| MANDALAY | 3 | 2 | 18 | | | 7 | 4 | |
| MON | 2 | | 3 | | | | | |
| RAKHINE | 2 | 3 | 10 | | | 26 | 6 | |
| SAGAING | 13 | 29 | 24 | 15 | 2 | 17 | 27 | 31 |
| SHAN ( S ) | | 2 | | | | | | |
| TANINTHARYI | 14 | 2 | 10 | 2 | | 3 | | |
| YANGON | | | | | | | 28 | |
| **TOTAL** | **89** | **55** | **109** | **18** | **3** | **61** | **87** | **126** |

# Map of Myanmar Conflict ( January 15-21, 2026 )



# ဝေါဟာရ အသုံးအနှုန်းများ

**AAPP (နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း)**

မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို စောင့်ကြည့်နေသော လူ့အခွင့်အရေးအဖွဲ့ ဖြစ်သည်။ အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံရမှုများနှင့် သတ်ဖြတ်ခံရမှုများအပေါ် အချက်အလက်များ ထုတ်ပြန်ပေးနေသော လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

**ABSFU (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်)**

ဗိုလ်ချုပ်အောင်ဆန်းမှ ရန်ကုန်တက္ကသိုလ်တွင် တည်ထောင်ခဲ့ပြီး၊ ပညာရေးလွတ်လပ်ခွင့်၊ ကျောင်းသား အခွင့်အရေးများနှင့် ဒီမိုကရေစီ စနစ်ကို ကြိုးပမ်းအားထုတ်ရန် ရည်ရွယ်ခဲ့သည်။

**ACRP(အာရှဘာသာရေးများငြိမ်းချမ်းရေးညီလာခံ)**

ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များကို မြှင့်တင်ပေးနေသော ကုလသမဂ္ဂနှင့် ချိတ်ဆက်ထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) တစ်ခုဖြစ်သည်။

**AA(ရက္ခိုင့်တပ်တော်)**

ဤအဖွဲ့သည် ရခိုင်ပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်ပြီး၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (United League of Arakan) ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

**ARSA(အာရ်ကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်)**

ဤအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လှုပ်ရှားနေသော ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့တစ်ခု ဖြစ်ပြီး၊ မူလအမည်မှာ ဟာရကတ်အလ်ယ ကီန် (Harakah al-Yaqin) ဖြစ်သည်။

**ဗိုလ်ချုပ်အောင်ဆန်း**

မြန်မာ့တပ်မတော်၏ တည်ထောင်သူ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သော သူရဲကောင်းနှင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံသားတို့၏ ဖခင်အဖြစ် သတ်မှတ်ထားသူဖြစ်သည်။

**ဒေါ်အောင်ဆန်းစုကြည်**

နိုဘယ်ဆုရှင်၊ ဒီမိုကရေစီအထိမ်းအမှတ်နှင့် စစ်အာဏာရှင်ကို စိန်ခေါ်ခဲ့သော NLD ခေါင်းဆောင် ဖြစ်သည်။ သူမသည် အာဏာသိမ်းမှုအတွင်း ဖမ်းဆီးခံခဲ့ရသည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(BSPP)**

၁၉၆၂ ခုနှစ် ပထမဆုံး စစ်တပ် ကအာဏာသိမ်းအုပ်ချုပ်ပြီးနောက် တစ်ခုတည်းသော တရားဝင်ပါတီ ဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ဖျက်သိမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အဖြစ်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

**CDM – အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု။**

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်ဘက်ဝန်ထမ်းများမှ စတင်ခဲ့သော စစ်အာဏာရှင်စနစ်ကို ဆန့်ကျင် သည့် လှုပ်ရှားမှုတစ်ခုဖြစ်သည်။

**CRPH(ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ)**

ဖယ်ရှားခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံသားများမှ ဖွဲ့စည်းခဲ့ပြီး၊ စစ်အစိုးရ၏ တရားဝင်မှုကို ငြင်းပယ်သည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။

**ERO–တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ**

မြန်မာနိုင်ငံရှိတိုင်းရင်းသားများသည် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲလျက် ရှိသည်။ စစ်ကောင်စီမှ စတင်ခဲ့သော ဖိနှိပ်မှုများအတွင်း၊ လူ့အခွင့်အရေးလှုပ်ရှားသူများစွာသည် ERO များထိန်းချုပ်ထားသော နယ်မြေများသို့ ခိုလှုံခဲ့ကြသည်။ အချို့ တိုင်းရင်းသားပါတီများကလည်း အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြသူများနှင့် စစ်ကောင်စီကို ဆန့်ကျင်သော နိုင်ငံသားများကို ကာကွယ်ပေးရန် ကတိပြုခဲ့သည်။

**ဂျန်ဇီးဗားမား**

စစ်တပ်ဆန့်ကျင်သော လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သော လူငယ်လှုပ်ရှားမှုတစ်ခု ဖြစ်သည်။

**GSCN – တိုင်းရင်းသားလူမျိုးစုများ၏ အထွေထွေသပိတ်ကော်မတီ**

ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြမှုများကို ကိုယ်စားပြုသော ဆန့်ကျင်ရေးအဖွဲ့များ၊ လူမျိုးစုတပ်ဖွဲ့များနှင့် အခြားပါတီများကို ကိုယ်စားပြုရန် ဖွဲ့စည်းခဲ့သည်။

**စစ်အစိုးရ**

လက်နက်အင်အားဖြင့်အာဏာရပြီးသည့်နောက်နိုင်ငံတစ်ခုကိုအုပ်ချုပ်သော စစ်အုပ်စု သို့မဟုတ် နိုင်ငံရေးအုပ်စု တစ်ခုဖြစ်သည်။

**MEHL – မြန်မာစီးပွားရေးအစုရှယ်ယာကုမ္ပဏီလီမိတက်**

မြန်မာစစ်တပ်က ပိုင်ဆိုင်ပြီး စီမံခန့်ခွဲသော ကုမ္ပဏီကြီးဖြစ်သည်။

**မင်းအောင်လှိုင်**

မြန်မာကာကွယ်ရေး ဦးစီးချုပ်ဖြစ်ပြီး အာဏာသိမ်းမှု၊ လူမျိုးသုန်းသတ်ဖြတ်မှုနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် စစ်ရေးတိုက်ခိုက်မှု များကြောင့် နိုင်ငံတကာတွင် ပြစ်တင်ရှုတ်ချခံနေရသူဖြစ်သည်။

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန**

လွတ်လပ်စွာပြောဆိုခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်ကို ကန့်သတ်ရာတွင်အဓိကဖြစ်သော  စစ်အစိုးရ၏ ဗျူရိုကရေစီ ဝန်ကြီးဌာနဖြစ်သည်။

**မြင့်ဆွေ**

ဒုတိယသမ္မတတစ်ဦးဖြစ်ပြီး အာဏာသိမ်းမှုအတွင်း အရေးပေါ်အခြေအနေကြေညာကာ အာဏာကို မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးခဲ့ သည်။

**မျိုးရန်နောင်သိန်း**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်နေသူ၊ ယခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ဗဟိုသုတေသနလမ်းညွှန်အဖွဲ့ အတွင်းရေးမှူးနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦး။

**NLD(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

ဤအဖွဲ့သည် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရပြီး နောက် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြင့် ဖယ်ရှားခံခဲ့ရသည်။

**NUG – အမျိုးသားညီညွတ်ရေးအစိုးရ**

CRPH (ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ) မှ ဖွဲ့စည်းခဲ့ပြီး၊ ဖယ်ရှားခံရသော လွှတ်တော် ကိုယ်စားလှယ် များနှင့် စစ်ကောင်စီကို ဆန့်ကျင်သည့် တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော မြန်မာပြည်၏တရားဝင် စင်ပြိုင်အစိုးရဖြစ်သည်။

**NUCC (အမျိုးသားညီညွတ်ရေးအကြံပေးကောင်စီ)**

ဖက်ဒရယ်ဒီမိုကရေစီအတွက် အင်အားစုများကို စည်းလုံးညီညွတ်စေသော ပလက်ဖောင်းတစ်ခု ဖြစ်သည်။ ၎င်းတွင် NLD အဖွဲ့ဝင်များ၊ CDM အဖွဲ့များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်သည်။

**PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့)**

NUG ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး ပြည်သူများကို ကာကွယ်ပေးသည့်အဖွဲ့အစည်းဖြစ်သည်။ ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်၏ ရှေ့ပြေးတပ်ဖွဲ့လည်း ဖြစ်သည်။

**ရိုဟင်ဂျာ**

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ မြန်မာစစ်တပ်၏ညှဉ်းပန်းနှိပ်စက်ခံနေရသော လူမျိုးစုတစ်ခုဖြစ်သည်။ စစ်တပ်မှ ကျူးလွန်သော လူမျိုးတုန်းသတ်ဖြတ်မှု၏ သားကောင်များဖြစ်ကြသည်။

**SAC – နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

၂၀၂၁ ခုနှစ်အာဏာသိမ်းစစ်အစိုးဖြစ်သည်။

**SAC-M (မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ)**

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တာဝန်ယူမှုတာဝန်ခံမှုများကိုမြှင့်တင်ပေးနေသောကုလသမဂ္ဂလက်အောက်ခံအဖွဲ့ဖြစ်သည်။

**နွေဦးတော်လှန်ရေး**

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်သော မြန်မာနိုင်ငံသားများ၏ နိုင်ငံလုံးဆိုင်ရာ ဆန္ဒပြ တော်လှန်ရေး ကြီးဖြစ်သည်။

**တပ်မတော်**

မြန်မာနိုင်ငံသားများကအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော လက်နက်ကိုင် မြန်မာစစ်တပ် ဖြစ်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)**

စစ်တပ်၏ ကိုယ်စားပြုနိုင်ငံရေးပါတီဖြစ်ပြီး ၂၀၁၅ ၊ ၂၀၂၀ ရွေးကောက်ပွဲများတွင် NLD ကို အပြတ်အသတ်ရှုံးနိမ့်ခဲ့သည်။

**UNHRC(ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ)**

ဤအဖွဲ့အစည်းသည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်နေသော ကမ္ဘာ့အဖွဲ့အစည်း တစ်ခုဖြစ်သည်။

**ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာတရားရုံးချုပ်(ICJ)**
ကုလသမဂ္ဂ၏ တရားရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး၊ ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်ပွားစေရန် တားဆီးကာကွယ်ရန် တာဝန်ပေးအပ်ထားသည်။

**၂၂၂၂၂ – ၂ ငါးလုံး လှုပ်ရှားမှု**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ပြည်သူများ၏ စစ်အာဏာရှင်အပေါ် မကျေနပ်မှုများ ကျယ်ပြန့်စွာရှိနေကြောင်း ပြသခဲ့သော နိုင်ငံတစ်ဝှမ်းတွင် ကျင်းပခဲ့သော အထွေထွေသပိတ်ကြီး ဖြစ်သည်။

**၈၈၈၈**

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် သမိုင်းဝင်လူထု အရေးတော်ပုံကြီး ဖြစ်သည်။

**၉၆၉လှုပ်ရှားမှု**
မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာကို ဆန့်ကျင်ပြီး စစ်တပ်ကို ထောက်ခံသော ဗုဒ္ဓဘာသာဝင် အစွန်းရောက် အမျိုးသားရေးလှုပ်ရှားမှု တစ်ခု ဖြစ်သည်။

## ကိုးကားချက်များ

The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, ThanLwin Times, PVTV, Khonumthung Burmese.

BDWFG Website Democratic Futures Project UVA Global

Our Company | Contact Us | FAQs | Privacy Policy